အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Human Rights in Myanmar

အတွဲ ၁ အမှတ် ၅၁

၂ ဖေဖော်ဝါရီ ၂၀၂၄

# မအောင်မြင်သည့် စစ်အာဏာသိမ်းမှု သုံးနှစ်ပြည့် ဆွေးနွေးပွဲ ထိုင်း၌ ပြုလုပ်

**ဇန်နဝါရီ ၂၉**



အကြမ်းဖက်စစ်အုပ်စု၏ မအောင်မြင်သည့် စစ်အာဏာသိမ်းမှု သုံးနှစ်ပြည့် သွေးစည်းညီညွတ်မှုဆိုင်ရာ ဆွေးနွေးပွဲ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များ ကလပ် - FCCT

တွင် ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့ရာ အမျိုးသား ညီညွတ်ရေး အစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ကျော်မိုး အွန်လိုင်းမှ တက်ရောက်ပါဝင် ဆွေးနွေး ခဲ့သည်။

“Myanmar Solidarity Panel Discussion on the 3rd Anniversary of the Military Junta’s Failed Coup Attempt အမည်ဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ကာ နိုင်ငံတကာ သတင်းဌာနများ၏ ထိုင်းအခြေစိုက် သတင်းသမားများလည်း တက်ရောက်ခဲ့ကာ မြန်မာ့နွေဦးတော်လှန်ရေး ဖြစ်ပေါ် တိုးတက်မှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။




မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -


- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။


MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဇန်နဝါရီ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့် ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




# အမေရိကန်ရောက် မြန်မာပြည်ဖွားများနှင့် ဒုဝန်ကြီး တွေ့ဆုံ

**ဇန်နဝါရီ ၂၈**





မြန်မာ့နွေဦးတော်လှန်ရေး ဖြစ်ထွန်းမှုအသစ်များနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုရောက် မြန်မာနွယ်ဖွား ပြည်သူများနှင့် အမျိုးသားညီညွတ်ရေးအစိုးရ - NUG ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံမှုအား ဇန်နဝါရီ ၂၈ က ပြုလုပ်ခဲ့ပြီး တက်ရောက်သူများ၏ မေးမြန်းမှုများအား ဖြေကြားခြင်းနှင့် ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးမှုများအား ပြုလုပ်ခဲ့သည်။

NUG အမေရိကန် ကိုယ်စားလှယ်ရုံးတွင် ပြုလုပ်သည့် ယင်းတွေ့ဆုံပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ - CRPH ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်ပါ တက်ရောက်ခဲ့ပြီး NUG ဘက်မှ ဒေါ်ဇင်မာအောင် (ဝန်ကြီး - နိုင်ငံခြားရေး)၊ ဦးမိုးဇော်ဦး (ဒုဝန်ကြီး - နိုင်ငံခြားရေး)၊ ဦးထင်လင်းအောင် (ဝန်ကြီး - ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ)၊ ဦးအောင်ကျော်မိုး (ဒုဝန်ကြီး - လူ့အခွင့်အရေး)၊ ဦးကျော်မိုးထွန်း (ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး)၊ ဦးကျော်ဇော (သမ္မတရုံး ပြောရေးဆိုခွင့်) တို့ ပါဝင် တက်ရောက်ဆွေးနွေးခဲ့သည်။

# အလုပ်မဖြစ်တော့တဲ့ အာဆီယံဘုံသဘောတူညီချက် ငါးရပ်ကို ပြောင်းလဲဖို့ အထိ ရှိမလားစောင့်ကြည့်ရမှာပါ

“အာဆီယံကတော့ သူတို့ရဲ့ သုံးနေကျ ဘုံသဘောတူညီချက် ငါးချက်ကိုပဲ ဆက်လက်ကိုင်စွဲထားတုန်းပါပဲ။ ကျွန်တော်တို့အနေနဲ့ ဒီဘုံသဘောတူညီချက် ငါးရပ်နဲ့ မြန်မာနိုင်ငံ အခြေအနေက မလုံလောက်တော့ဘူး၊ ဒီ့ထက်ပိုမိုပြီးတော့ အရေးယူဆောင်ရွက်မှုတွေ၊ ဒီ့ထက်ပိုမိုပြီးတော့ ပါဝင်လုပ်ဆောင်မှုတွေ လိုအပ်တယ်လို့ ပြောပေမယ့် အာဆီယံကတော့ သူ့ရဲ့ ဘုံသဘောတူညီချက် ငါးချက် အတိုင်းပဲ ဆက်လက်သွားမယ့် ပုံစံ ရှိပါတယ်။

အဲဒီလိုမျိုး မူဝါဒချမှတ်ထားသည့်တိုင်အောင် တစ်နှစ် တစ်ခါ ပြောင်းလဲတဲ့ အာဆီယံ ဥက္ကဋ္ဌဆိုတဲ့ နေရာမျိုးမှာ အလှည့်ကျတဲ့နိုင်ငံရဲ့ စိတ်ဝင်စားမှုနဲ့ ကြိုးပမ်းဆောင်ရွက်မှုကလည်း သွားပြီးတော့ သက်ရောက်တာ ရှိပါတယ်။ အခုဆိုရင် ဒီနှစ်က လာအိုနိုင်ငံက အလှည့်ကျပါတယ်။ ဒါကြောင့်မို့လို့ လာအိုနိုင်ငံကနေ သူ့ရဲ့ သံတမန်တစ်ဦးကို မြန်မာနိုင်ငံရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်ဖို့အတွက် ခန့်အပ်တယ်။ ခန့်အပ်တဲ့နေရာမှာ လာအိုရဲ့ သဘောသဘာဝကြည့်မယ်ဆိုရင်တော့ ဒေသဆိုင်ရာ နိုင်ငံရေးတွေ၊ ဒေသဆိုင်ရာ လှုပ်ရှားမှုတွေ သိပ်ပြီးတော့ ထဲထဲဝင်ဝင် ပါဝင်မှုအစဉ်အလာ မရှိခဲ့ပါဘူး။ လာအိုနိုင်ငံ အလှည့်ကျတဲ့နှစ်ဆိုရင် အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေလည်း တော်တော်များများ ငြိမ်သက်သွားတယ်၊ တချိန်တည်းမှာပဲ ဒေသဆိုင်ရာလှုပ်ရှားမှုတွေမှာလည်း သိပ်ပြီးတော့ စွမ်းစွမ်းတမံ လုပ်ဆောင်မှုမရှိတဲ့ အစဉ်အလာတွေ ရှိတယ်။

ဒါပေမဲ့ ဒီနှစ်မှာကတော့ သူ့ရဲ့ အထူးကိုယ်စားလှယ်ကနေ မြန်မာနိုင်ငံကို သွားရောက်ပြီးတော့ တွေ့ဆုံမှုတွေ လုပ်ဆောင်တယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ တခြား ပါဝင်သင့်ပါဝင်ထိုက်တဲ့ သူတွေနဲ့လည်း တွေ့ဆုံမယ်ဆိုတာဟာ လေးက အရင်တုန်းက အစဉ်အလာထက် စာရင်တော့ တိုးတက်မှု ရှိလာတာပေါ့။ ဒါပေမဲ့ ဘယ်လောက်အထိ လုပ်မလဲ၊ ကိုယ်စားလှယ်တစ်ဦး လုပ်ဆောင်တာနဲ့ အစိုးရရဲ့ လုပ်ဆောင် ချက် တူချင်မှ တူပါလိမ့်မယ်။ တာဝန်ပေးထားတဲ့အတွက် သူ့ရဲ့ လုပ်ဆောင်ချက်က တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်ပေမယ့် ဒါကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မယ့် လာအိုအစိုးရက မိမိရရ မဆုပ်ကိုင်နိုင်ဘူးဆိုရင်၊ နိုင်ငံရေးအရ စိတ်ဆန္ဒအရ လုပ်ဆောင်လိုတဲ့စိတ်မရှိရင်လည်း ဒါ အလကား ဖြစ်နိုင်ပါတယ်။

အခု လောလောဆယ် ကျွန်တော်တို့ မြန်မာနိုင်ငံရေးကို ဘယ်လောက်အထိ လုပ်နိုင်မလဲဆိုတာ ပြောကြဖို့အတွက် နည်းနည်းစောနေပေမယ့် လုပ်ဆောင်မှုတွေ တော့ တွေ့ရတယ်၊ ဒီဟာက ဘယ်လောက်အထိ တစ်နှစ် ပတ်လုံး သယ်ဆောင်သွားမလဲ၊ လာအိုနိုင်ငံရဲ့ အစဉ်အလာအရ လုပ်ပြီးတော့ တကယ့်ကို တိုးတက်ပြောင်းလဲမှု ဖြစ်လာအောင် ဆက်လက်ပြီး သယ်ဆောင်နိုင်မှု ရှိမလား၊ တကယ့်ကို အကျိုးဖြစ်ထွန်းတဲ့အရာ ဖြစ်မလား၊ ဒီ့ထက် ပိုမိုပြီးတော့ ပြောရမယ်ဆိုရင်တော့ လက်ရှိ သိပ်ပြီးတော့ အလုပ်မဖြစ်တော့တဲ့ အာဆီယံဘုံသဘောတူညီချက် ငါးရပ်ကို ပြောင်းလဲဖို့အထိ ရှိမလား၊ ဒါကိုတော့ စောင့်ကြည့်ရမှာပါ။

ဒါပေမဲ့ သေချာတာ တစ်ခုကတော့ အာဆီယံဘုံသဘောတူညီချက် ငါးချက်ကို ပြောင်းဖို့မရှိပေမယ့် ဒီကာလအတွင်းမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့သူတွေကို တွေ့ဆုံမှုတွေ၊ ဒါနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးပြောဆိုမှုတွေ၊ အကြံဉာဏ်ယူတဲ့ အဆင့်အထိလောက် အထိ ဒီလောက်အထိတော့ ပုံမှန်အတိုင်း လုပ်ဆောင်သွားမယ် လို့ ထင်ရပါတယ်” –

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊အမျိုးသားညီညွတ်ရေးအစိုးရ) (အာဆီယံဥက္ကဋ္ဌသစ်နှင့် မြန်မာ့နိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေ (Human Rights Barometer Ep - 31) မှ ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ ထုတ်လွှင့်နေခြင်း ဖြစ်သည်။)**

# နိုင်ငံတကာ ဘာသာရေး လွတ်လပ်ခွင့်ဆိုင်ရာ စည်းဝေးပွဲ၌ NUG ဒုဝန်ကြီး များ ပါဝင်

ဇန်နဝါရီ ၂၉




အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီတွင် ပြုလုပ်သည့် နိုင်ငံတကာ ဘာသာရေး လွတ်လပ်ခွင့် - IRF ထိပ်သီးအစည်းအဝေးသို့ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့သည်။

IRF အစည်းအဝေးအား ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ပြုလုပ်ခြင်းဖြစ်ကာ ကမ္ဘာတစ်ဝန်းရှိ ဘာသာရေး လွတ်လပ်ခွင့်အား စိတ်အားထက်သန်စွာ ထောက်ခံအားပေးသည့် ညွန့်ပေါင်းအဖွဲ့အထိ စုစည်းသွားရန် ရည်ရွယ်ထားကာ NUG အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးများ ဖြစ်သည့် ဦးအောင်ကျော်မိုး (လူ့အခွင့်အရေး) နှင့် ဦးမိုးဇော်ဦး (နိုင်ငံခြားရေး) တို့ ပါဝင် တက်ရောက်ခဲ့သည်။



# "သူတို့က ငါတို့လိုပဲ"

“ဖုံညိုလိပ်၊ ရမ်းဗြဲ၊ ပေါက်တော၊ ထန်တလန်၊ ပဇီကြီး၊ မုန်လိုင်ခက်၊ ကော့ကရိတ်၊ ဆီဆိုင်။ အကြမ်းဖက်စစ်တပ်က စစ်ရေးနဲ့ မသက်ဆိုင်တဲ့ လူနေကျေးရွာတွေကို ရက်ရက်စက်စက် ပစ်ခတ်တိုက်ခိုက် အကြမ်းဖက်နေတာ တနိုင်ငံလုံး အတိုင်းအတာ အရေးပေါ် အခြေအနေပါ။ လက်နက်ကြီးနဲ့ ပစ်၊ လေယာဉ်ရဟတ်ယာဉ်တွေနဲ့ ဗုံးတွေကြဲ ၊ လူသွားလမ်းတွေပေါ် မိုင်းတွေထောင် ကြမ်းကြုတ်တဲ့ နည်းလမ်းပေါင်းစုံနဲ့ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်နေတာပါ။ ဒါကို ကိုယ့်လူမျိုး၊ ကိုယ့်အရပ်ဒေသအတွက်ပဲ အရေးတယူ လုပ်မယ်၊ ကိုယ်နဲ့ တူရာသူတွေအတွက်ပဲ စိတ်ဝင်စားမယ်ဆိုရင် ကိုယ် ယုံကြည်တဲ့ ဒီမိုကရေစီ ၊ လိုချင်တဲ့ ဒီမိုကရေစီ၊ လိုချင်နေတဲ့ တန်းတူညီမျှမှု ၊ ဖြစ်ပေါ်လာချင်နေတဲ့ "ဖယ်ဒရယ်ပြည်ထောင်စု" ဆိုတာက မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ တန်းတူညီမျှဟာ မိမိနဲ့ ထိုက်တန်တယ်လို့ ယုံကြည်ရင် တခြားသူတွေလည်း မိမိကဲ့သို့ ထိုက်တန်ကြောင်း မှတ်ယူဖို့ လိုတယ်။ မိမိက လူ့အခွင့်အရေး အပြည့်အဝ ရှိမှ ဖြစ်မယ်ဆိုရင် အခြားသော လူတွေကလည်း အဲဒီလို လူ့အခွင့်အရေး အပြည့်အဝရှိဖို့ လိုအပ်တယ်ဆိုတာကို နားလည်ဖို့ လိုတယ်။ သူတို့က ငါတို့နဲ့ အတူတူပဲ ငါတို့တွေ အားလုံးက အတူတူပဲ ဆိုတဲ့ ပြည်ထောင်စုသားချင်း စိတ်ဓာတ်ရှိဖို့ လိုတယ်။ စစ်ကောင်စီရဲ့ အကြမ်းဖက် ခံနေရတဲ့ နေရပ်ဒေသတွေ တဖြေးဖြေးများလာပြီ၊ နေရပ်စွန့်ခွာ ထွက်ပြေးနေရတဲ့ ကိန်းဂဏန်းတွေလည်း တရိပ်ရိပ်တက်လာပြီ၊ သေဆုံး၊ ဒဏ်ရာစာရင်းတွေလည်း နေ့စဉ်နဲ့အမျှ တိုးလို့ နေပါတယ်။ စစ်အာဏာရှင်စနစ် ကျဆုံးမှသာ ပြည်သူ တစ်ရပ်လုံးလိုလားတဲ့ အခြေအနေတွေကို တည်ဆောက်နိုင်မှာပါ”

- **ဦးအောင်ကျော်မိုး၊ ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# အချင်းချင်းကြား စစ်တပ်ရဲ့ သပ်လျှို သွေးခွဲမှုတွေကို သတိထားပါ

“ရခိုင်ပြည်၊ ဘူးသီးတောင်တောင်ပိုင်း ဖုန်ညိုလိပ် ရိုဟင်ဂျာရွာမှာ စစ်ကောင်စီက လက်နက်ကြီးတွေနဲ့ ပစ်ခတ်လို့ ရိုဟင်ဂျာအရပ်သားပြည်သူတွေ သေဆုံးခဲ့ရပြီး နေအိမ်တွေ မီးလောင်သွားခဲ့တယ်လို့ သိရှိရပါတယ်။ အလားတူ ရမ်းဗြဲ ၊ မင်းပြားစတဲ့ မြို့တွေမှာလည်း စစ်ကောင်စီရဲ့ လက်နက်ကြီးပစ်ခတ်မှု၊ လေယာဉ်တွေနဲ့ ဗုံးကြဲမှုတွေကြောင့် ဒေသခံအရပ်သားပြည်သူအများအပြား သေဆုံးတာတွေ၊ နေအိမ်တွေ မီးလောင်သွားပြာကျသွားတွေ ရှိပါတယ်။ ရခိုင်ပြည်နေရာ တော်တော်များများမှာ တိုက်ပွဲတွေ ဖြစ်နေတယ်။ လူမျိုးဘာသာအသီးသီးက ဒေသခံအရပ်သားပြည်သူတွေ အဖိတ်အစင်ရှိနေတယ်။ ရခိုင်၊ ရိုဟင်ဂျာ၊ ဒိုင်းနက်၊ မြို၊ ခမီ၊ မရာမာနဲ့ ကမန် အားလုံး စစ်အာဏာရှင်စနစ်ရဲ့ အကျိုးဆက်ကို ခံစားနေရတယ်။ ဒီတချိန် ရင်ဆိုင်နေရတဲ့ တော်လှန်ရေးခရီးကြမ်းက အောင်မြင်မှာ ဖြစ်တယ်။ စစ်တပ်ကျဆုံးမှသာ အားလုံးလိုလားတဲ့ တန်းတူညီမျှမှုကို ရမှာဖြစ်တယ်။ လူမျိုးအားလုံးကို အလေးအနက်မှာကြားချင်တာက အတိတ်က ဖြစ်ရပ်တွေကနေ သင်ခန်းယူပါ။ အချင်းချင်းကြား စစ်တပ်ရဲ့ သပ်လျှို သွေးခွဲမှုတွေကို သတိထားပါ။ ရပ်ရွာ လူထုခေါင်းဆောင်တွေအနေနဲ့ မတူညီတဲ့ လူမျိုးအုပ်စုတွေကြား အချိတ်ဆက်မိမိ ဖြစ်အောင်လုပ်ပါ အရေးကြီးပါတယ်။ စစ်အာဏာရှင်စနစ် အပြီးတိုင် အမြစ်ပြတ် မှသာ ပြည်သူအားလုံး လိုလားတောင့်တနေတဲ့ အခြေအနေတွေကို ရရှိမှာပါ”

- **ဦးအောင်ကျော်မိုး၊ ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# "ဘာအကြောင်းပြချက်မှ မရှိဘဲနဲ့ အရပ်ဘက်ပြည်သူတွေကို ပစ်တာ"

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဟုမ်းရွာအား အကြမ်းဖက်စစ်အုပ်စုက ဇန်နဝါရီ ၂၉ ရက်တွင် လေကြောင်းသုံး ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား ခုနစ်ဦး သေဆုံးကာ သုံးဦးဒဏ်ရာ ရရှိခဲ့သည့်အပြင် နေအိမ်၊ စက်လှေများပါ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အကြမ်းဖက်စစ်အုပ်စုက လေကြောင်းမှ ဗုံးငါးလုံးကြဲ၍ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကာ သေဆုံးသူ ခုနစ်ဦးမှာ အမျိုးသားများ ဖြစ်ကြပြီး တစ်ဦးမှာ ဟုမ်းရွာဒေသခံ ဖြစ်ပြီး ကျန်ခြောက်ဦးမှာ မင်းတပ်မြို့နယ်၊ ကြုတ်ရွာဒေသခံများ ဖြစ်သည်။ ဗုံးကြဲတိုက်ခိုက် မှုအတွင်း စက်လှေငါးစီး ပျက်စီးဆုံးရှုံးခဲ့ကာ လောင်စာဆီပေပါ အလုံး ၂၀ ကျော်လည်း မီးလောင် ဆုံး ရှုံးခဲ့သည်။

"မနက်ပိုင်း (၁၀) နာရီဝန်းကျင်မှာ ကင်းထောက်တဲ့ လေယာဉ်က နှစ်ခါ၊ သုံးခါ လောက်လာတဲ့အချိန်မှာ ကျွန်တော်တို့ သတိတော့ပေးတယ်။ ခရီးသွားတဲ့ပြည်သူတွေ၊ မြစ်ဘေးအတွင်းမှာ စက်လှေနဲ့ ခရီးသွားတဲ့ပြည်သူတွေကို ခဏရပ်နားဖို့၊ ကျွန်တော်တို့ မတတ်နိုင်ခဲ့ပါဘူး။ နေ့လည် (၁) နာရီ (၁၆) မိနစ်မှာ ဂျက်ဖိုက်တာစက်ကြီးနဲ့ ပဲဗုံးသီး (၅) လုံး ကြဲချပါတယ်။ ဗုံးသီး (၅) လုံးကြဲချတဲ့အခါမှာ အရပ်ဖက်က အရပ်သားပြည်သူ (၇) ဦးသေဆုံးပြီးတော့မှ ယောက်ျားတွေ၊ လူကြီးတွေကြီးပဲ ဖြစ်ပါတယ်၊ ထိခိုက်ဒဏ်ရာရတဲ့သူက(၃) ဦး ရှိပါတယ်။ အဲ့ဒီ ပစ်ခတ်မှုမှာ နေအိမ်တချို့ ပျက်စီးပြီးတော့မှ စက်လှေတွေ၊ ခဲတော်ဆီပီပါတွေပျက်စီးသွားတယ်။ စက်လှေက (၅) စီး ဖြစ်မယ်၊ ခဲတော်ဆီပီပါက (၂၀)ကျော်ပေါ့။ ပလက်ဝမြို့နယ်၊ ဟုမ်းရွာဆိုတာက အခု လက်ရှိ PDF Daai ရဲ့ထိန်းချုပ်နယ်မြေ ဖြစ်တယ်။ Daai တွေပဲနေထိုင်ပြီးတော့ Daai ချင်းမျိုးနွယ်စု နေထိုင်တဲ့နေရာဖြစ်တယ်။ နောက်ပြီးတော့မှအဲ့ဒီ ဟုမ်းရွာက ပလတ်ဝမြို့ နယ်၊ ဒိုင်ဒေသ၊ မြစ်ကမ်းနဘေးမှာရှိတဲ့ ရွာ။ ၁၉/၂၀/၂၁ ဝန်းကျင်မှာ လာကြဲတာက ကျွန်တော်တို့ ချင်းပူးပေါင်း ကာကွယ်ရေးတပ်ဖွဲ့အနေနဲ့ ထယ်ဘွေးစခန်းကို သိမ်းတယ် အဲ့ဒါကြောင့် လာကြဲတယ်လို့ ထင်တယ်။ အဲ့ဒီ ဟုမ်းရွာက ဆမီးကိုပဲဖြစ်ဖြစ်၊ ထယ်ဘွေကိုပဲဖြစ်ဖြစ် ဆုတ်လမ်းပေါ့နော်။ ဆုတ်လမ်းဘက်ဖြစ်လို့ ပစ်တယ်လို့တော့ ကျွန်တော်တိုကတော့ ယူဆပါတယ်။ အဲ့ဒီဟာက ဒီဇင်ဘာ(၁၉/၂၀/၂၁) ဒီဇင်ဘာလမှာ ဖြစ်တဲ့ဟာ၊ ဒီဘက် (၂၀၂၄) ဇန်နဝါရီလ (၁၉) တနေ့ ကပစ်တဲ့ ဟာကတော့ ဘာအကြောင်းပြချက်မှမရှိဘဲနဲ့ အရပ်ဘက် ပြည်သူတွေကိုပစ်တာ"

- **ဆလိုင်းအိုင်းဘက်စ်၊ အထွေထွေအတွင်းရေးမှူး၊ CDF Daai**

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဟုမ်းရွာအား အကြမ်းဖက်စစ်အုပ်စု၏ ဇန်နဝါရီ ၂၉ ရက်လေကြောင်းမှ တိုက်ခိုက်ခဲ့မှုအတွင်း အရပ်သား ခုနစ်ဦးအထိ သေဆုံးကာ သုံးဦး ဒဏ်ရာရရှိမှု ဖြစ်စဉ်နှင့် ပတ်သက်၍ CDF Daai အထွေထွေအတွင်းရေးမှူး ဆလိုင်းအိုင်းဘက်စ်အား ဆက်သွယ်မေးမြန်းခြင်း**

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၄၇၄ (၁,၀၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေးကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၄၇၄ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၁,၀၀၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၅,၉၃၁

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၅,၉၃၁ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၉၉၃ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၈,၆၅၆ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၂ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူ ပေါင်း ၁၆၂ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် မျက်ကွယ်သေဒဏ် ချမှတ်ခံရသူများတွင် မျက်ကွယ် သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၁၉ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

## ဇန်နဝါရီ - (၁၂ + ၄၃)

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စုက အမျိုးသမီး ၁၂ ဦးနှင့် အမျိုးသား ၄၃ ဦး၊ စုစုပေါင်း ၅၅ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကာ မကွေးတိုင်း၌ ၁၆ ဦးဖြင့် အများဆုံးဖြစ်ကာ မန္တလေးတိုင်း၌ ၁၁ ဦးအထိ ရှိသည်။

## ဇန်နဝါရီ - (၇ + ၃၃)

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ တရားရုံးများက မတရားပုဒ်မများဖြင့် အမျိုးသမီး ၇ ဦးနှင့် အမျိုးသား ၂၆ ဦး၊ စုစုပေါင်း ၃၃ ဦးအား ထောင်ဒဏ်များ ချမှတ်ခဲ့ပြီး ၁၈ နှစ်အောက် အသက်မပြည့် သေးသူ လေးဦး ပါဝင်သည်။ ၁၂ ဦးမှာ ထောင်ဒဏ်တစ်သက် တစ်ကျွန်းအထိ ချမှတ်ခံရခြင်းဖြစ်သည်။ ထောင်ဒဏ်ချမှတ်မှု များ၌ စစ်ကိုင်းတိုင်းမှ ၂၀ ဦးဖြင့် အများဆုံး ဖြစ်သည်။

**ကိုးကား - AAPP**

## ဇန်နဝါရီ - (၇၄ + ၁၃၂)

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စုကြောင့် အမျိုးသမီး ၇၄ ဦးနှင့် အမျိုးသား ၁၃၂ ဦး၊ စုစုပေါင်း ၂၀၆ ဦးအထိ သေဆုံးခဲ့ပြီး ၃၂ ဦးမှာ အသက် မပြည့်သေးသည့် ၁၈ နှစ်အောက်များ ဖြစ်သည်။ စစ်ကိုင်းတိုင်း မှာ ၅၅ ဦးဖြင့် သေဆုံးမှုနှုန်း အမြင့်ဆုံးဒေသ ဖြစ်သည်။ ၆၉ ဦးမှာ အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုများ ကြောင့် သေဆုံးရခြင်းဖြစ်ကာ ၆၂ ဦးမှာ လေကြောင်းတိုက်ခိုက် မှုများကြောင့် သေဆုံးရခြင်း ဖြစ်သည်။

